# ရပ်ရွာအခြေပြုလူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ကိုယ်ဝန်ဆောင်မိခင်၊ကလေးများအား အာဟာရထောက်ပံ့ငွေလွှဲပြောင်းပေးအပ်ခြင်း




SOCIAL POLICY & POVERTY RESEARCH GROUP
Volume 1, Number 10
October 2016

ကျေးလက်ဒေသအဖွဲ့အစည်းများမှတဆင့် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများအား ငွေကြေးလွှဲပြောင်းပေးဝေခြင်းအပေါ် ထိရောက်မှုနှင့် စွမ်းဆောင်ရည်များကိုလေ့လာရန်အတွက် ရှေးဦးစီမံကိန်းအား မေလ၂၀၁၅တွင်စတင်ခဲ့သည်။ ယနေ့အချိန်အထိ ကျေးလက်ဒေသအဖွဲ့အစည်းများမှ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများအား ငွေကြေးလွှဲပြောင်း ပေးဝေခြင်း လုပ်ဆောင်ချက် များမှာအားကောင်းလျှက်ရှိပြီး မြောင်မြို့နယ်အတွင်းရှိ ရွေးချယ်ထားသော ရွာ( ၄၀) ထဲမှ (၁၄)ရွာတွင်ရှိသော ရွေးချယ်ရန် အရည်အချင်းနှင့်ပြည့်စုံသောကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ် အောက်ကလေး အကျိုးခံစားခွင့်ရရှိသူ ၅၀၀ နီးပါးအား ငွေကြေးလွှဲပြောင်းပေးဝေပြီးဖြစ်ပါသည်။အကျိုးခံစားခွင့်ရှိသူ ၅၀၀ထဲမှ ၈၄% သည် နှစ်နှစ်အောက်ကလေးများ ဖြစ်ပါသည်။ ထို့အပြင် နှစ်စဉ်ဆယ့်လေးရွာတွင်ရှိသော ကျေးလက်ဒေသအဖွဲ့အစည်းများသည် လူမှုဖူလုံရေးအကူအညီဖြစ်သော အသက် ကြီးရွယ်အိုများအားထောက်ပံ့ခြင်း၊အရေးပေါ် ကျမ်းမာရေးစောင့်ရှောက်ကူညီခြင်း နှင့် ပညာရေးထောက်ပံ့ခြင်း များအတွက် ကျပ် ၁၆ သိန်းနှင့်အထက်အား အကျိုးခံစားခွင့်ရှိသူ ၇၀၀ အား ဖြန့်ဝေလျက်ရှိ ပါသည်။


# Coverage





*မြောင်မြို့နယ်အတွင်းလွှမ်းခြုံမှုနှုန်း*




*ရပ်ရွာအဖွဲ့အစည်းများ၏ ပျမ်းမျှလစဉ်ဝင်ငွေ နှင့်အသုံးစရိတ် (ကျပ်)*




*ရပ်ရွာအဖွဲ့အစည်းများမှလူထုအား ရက်တစ်ထောင်စီမံကိန်းအပါအဝင် နှစ်စဉ်လွှဲပြောင်းသောပမာဏ(ကျပ်)*




*မြောင်မြို့နယ်အတွင်းရှိ ရွာဆယ့်လေးရွာမှ လက်ရှိရက်တစ်ထောင် ထောက်ပံ့ကြေးအကျိုးခံစားခွင့်ရှိသူအရေအတွက်*

နောက်ခံသမိုင်းကြောင်း။ ။ မြန်မာနိုင်ငံတွင်ရှိသော ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများ၏ ကျယ်ပြန့်မှုအတိုင်းအတာနှင့် ထိရောက်စွာလုပ်ဆောင်နိုင်မှုများအား ၂၀၁၃ခုနှစ်တွင် SPPRGမှ သုတေသန ဖော်ထုတ်ချက်များတွင် အထင်အရှားရှိခဲ့ပါသည်။၂၀၁၄ခုနှစ်တွင် Action Research project အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ရွာဆယ်ရွာအား ကိုယ်ပိုင်အစွမ်းအစဖြင့် ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်းမှ ရရှိသော အကျိုးသက်ရောက်မှုများ ၊စွမ်းဆောင်ရည် တည်ဆောက်မှုတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းမှရရှိသောအကျိုးသက်ရောက်မှုများနှင့် လည်ပတ်ရန်ပုံငွေ တိုးပွားအောင် ဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုများအားလေ့လာရန်အတွက် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုပမာဏ ခြေလှမ်းအနေဖြင့် ဒေသခံအဖွဲ့အစည်းများသည် လည်ပတ်ရန်ပုံငွေအား ငွေရင်းနှီးမြှုပ်နှံမှုသဘောအနေဖြင့် ဝင်ငွေတိုးပွားအောင်ဆောင်ရွက်ခြင်းနှင့် တခြားမှလွှဲပြောင်းလက်ခံရရှိမှုများအား ဝင်ငွေလည်ပတ်စေရန် အသုံးပြုပြီး မိမိတို့ကိုယ်ပိုင်လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များအား ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ လက်ရှိသုတေသနတွေ့ရှိချက်များအရ ရပ်ရွာလူထုအားထောက်ပံ့ခြင်း၊ လူ့ဘောင်အဖွဲ့ အစည်း၏ရိုးရာအစဉ်အလာ တည်ဆောက်ခြင်းကဲ့သို့သော လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဆက်လက်ကောင်အထည် ဖော်ဆောင်ရွက်ရန်လိုအပ်သည်ဟုညွှန်ပြနေပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး သည် မြန်မာနိုင်ငံတွင်းရှိ လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရေရှည်တည်တံ့ရေးအတွက် အထောက်အပံ့ကောင်းဖြစ်ပါသည်။ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှ မြောင်မြို့နယ်အား ရှေးဦးစီမံကိန်း သုံးနှစ်တာကာလ အတွက် အလားအလာရှိသော ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့်လူမှုကာကွယ်စောင့်ရှောက် ရေးအစီအစဉ်၏ အကျိုးသက်ရောက်မှုများအား စီစစ်အကဲဖြတ်ရန်အပြင် အစိုးရအစီအစဉ်များ နှင့် မြန်မာနိုင်ငံအလည်ပိုင်းဒေသတွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များအတွက် တိကျသောအသိပညာ လမ်းကြောင်းများ ချမှတ်ပေးရန်အတွက်ရွေးချယ်ခဲ့သည်။ ရှေးဦးစီမံကိန်း၏ရည်ရွယ်ချက်မှာ ကျေးလက်အဆင့်သို့ လူမှုကာကွယ်စောင့်ရှောက်ရေး၏ လိုအပ်သော လမ်းစဉ်များ ရောက်ရှိရန်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်မှုများအား ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်ဖြင့် သာတူညီမျှရှိမှု၊ အကျိုးသက်ရောက်မှု နှင့်စွမ်းဆောင်ရည်များအား စီစစ်အကဲဖြတ်ခြင်း ဖြစ်သည်။

## ဆောင်ရွက်ချက်များမှာ-

- လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးရန်၊လွှဲပြောင်းရန် နှင့်ဖွံ့ဖြိုးတိုးတက်စေရန် မြို့နယ်နှင့် ကျေးလက်အဆင့် နှစ်ရပ်လုံး၌ စွမ်းဆောင်ရည်မြှင့်တင်ဖို့ရန်အတွက် ရပ်ရွာအခြေပြုအဖွဲ့များ၏ စွမ်းဆောင်ရည်အား တည်ဆောက်ပေးခြင်း။
- ရပ်ရွာအဖွဲ့အစည်းများ၏အရည်အချင်းတည်ဆောက်ခြင်းအား အကူအညီဖြစ်စေရန် ပညာပေးဝန်ထမ်းများ ကဲ့သို့ အလုပ်လုပ်နိုင်ရန်အတွက် ရပ်ရွာအဖွဲ့အစည်းအသင်းဝင်များ၏ အရည်အချင်းအားတည်ဆောက်ပေးခြင်း။
- ရပ်ရွာအဖွဲ့အစည်းများအားကောင်းစေရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ဆက်စပ်သော လုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်ရန် လည်ပတ်ရန်ပုံငွေထောက်ပံ့ခြင်း။
- ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့်နှစ်နှစ်အောက်ကလေးများအား ငွေကြေးလွှဲပြောင်းပေးဝေရန် ရပ်ရွာမှပံ့ပိုးသူများ အတွက် နည်းပညာထောက်ပံ့ခြင်းနှင့်ရန်ပုံငွေထောက်ပံ့ပေးခြင်း။
- အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အစိုးရအဖွဲ့အစည်းများအား ဖော်ထုတ်ထားသောအသိပညာ နည်းလမ်းများ အား ပုံမှန်ဖြန့်ဝေပေးခြင်း။

## ရပ်ရွာအခြေပြုလူမှုကာကွယ်စောင့်ရှောက်ရေး

ရပ်ရွာအခြေပြုလူမှုကာကွယ်စောင့်ရှောက်ရေးစီမံကိန်းသည် ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ အားကောင်းစေရန် လူမှုရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန်အတွက် ထောက်ပံ့ပေးထားသော လည်ပတ်ရန်ပုံငွေကျပ် ၄,၀၀၀,၀၀၀အား လည်ပတ်စေရန် အဖွဲ့အစည်းမှ အသုံးပြုခြင်းအပေါ် စွမ်းဆောင်ရည် အကဲဖြတ်ခြင်းနှင့်သင်တန်းများပေးခြင်းများ အား ဆောင်ရွက်ခြင်းဖြစ်သည်။ ရပ်ရွာအဖွဲ့အစည်းမှ လည်ပတ်ရန်ပုံငွေ လည်ပတ်စေရန် ဆောင်ရွက်သောလုပ်ငန်းစဉ်များထဲတွင် ရပ်ရွာအဖွဲ့အစည်းမှ အတိုးနှုန်းနှင့်ပြန်လည်ပေးဆပ်ရမည့်အချိန် ကာလ အားသတ်မှတ်ထားပြီး အသေးစားချေးငွေချေးခြင်း၊ စိုက်ပျိုးရေးစီမံကိန်းများတွင် ပူးပေါင်းပါဝင်ခြင်း၊ မင်္ဂလာဆောင် ၊အလှူပွဲများအတွက် ငွေကြေးစိုက်ထုတ်ခြင်း ကဲ့သို့သော ဝင်ငွေတိုးပွားစေနိုင်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း များပါဝင်သည်။ထို့အပြင် အသေးစားချေးငွေရရှိရန်ရည်ရွယ်၍ ဝင်ရောက်လာသော အဖွဲ့ဝင်များထံမှ လစဉ်ကြေး၊ နှစ်စဉ်ကြေးများအား လက်ခံရရှိသည့်အပြင် အဖွဲ့ဝင်များထံမှလည်း လိုအပ်သောအဖွဲ့လိုက်လုပ်ဆောင်မှုများအတွက် အချိန်နှင့်စွမ်းအင်အထောက်အကူရရှိပါသည်။ ပျမ်းမျှအားဖြင့် တစ်ရွာလျှင် အဖွဲ့ဝင်ဦးရေ ၁၉၀၈ခန့်ရှိပြီး အဖွဲ့အစည်း၏ငွေထုတ် ကိုယ်စားလှည်အရာရှိလေးပုံ တစ်ပုံသည်အမျိုးသမီးများဖြစ်သည့်အပြင် အဖွဲ့သုံးဖွဲ့လျှင် တစ်ဖွဲ့တွင် အမျိုးသမီးဥက္ကဌတစ်ဦးရှိ ကြပြီး ထပ်ဂက်ကျော်မှာ အမျိုးသမီးဘဏ္ဍာရေးမှူးများ ဖြစ်ကြပါသည်။ ပြဿနာဖြေရှင်းရေးကော်မတီတွင်မူ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများသည်ကို တွေ့ရှိရပါသည်။

ရှိပြီးသောရပ်ရွာအဖွဲ့အစည်းများအားကောင်းလာရန် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း

↓

ကော်မတီအဖွဲ့စည်းခိုင်မာလာစေရန်ကူညီပေးခြင်းနှင့်
အစီအစဉ်များဖွံ့ဖြိုးတိုးတက်ရန်တိုင်ပင်ဆွေးနွေးပွဲများစီစဉ်ပေးခြင်း

↓

လည်ပတ်ရန်ပုံငွေထောက်ပံ့ခြင်း

↓

ငြ ရပ်ရွာအဖွဲ့အစည်း၏အစီအစဉ်အရ
အသေးစားချေးငွေချေးခြင်း၊အဖွဲ့ဝင်များထံမှရရှိသောအဖွဲ့ဝင်ကြေးများရရှိခြင်းနှင့် ရန်ပုံငွေတိုးပွားရန် အတွက်
စုပေါင်းလုပ်ရှားခြင်းစသည်ဖြင့် ရန်ပုံငွေတိုးပွားအောင်ဆောင်ရွက်ခြင်း နှင်လူမှုဖူလုံရေးအတွက်ငွေကြေးထောက်ပံ့ခြင်း

စီမံကိန်းအကောင်အထည်ဖော်ရန် တိုတောင်းသောကာလဖြစ်သော်လည်း ရပ်ရွာအဖွဲ့အစည်းတစ်ဖွဲ့ခြင်းစီ၏ ပျမ်းမျှ လစဉ်ဝင်ငွေတိုးတက်နှုန်းမှာ ကျပ် ၁၅၂၀၀၀ ဖြစ်ပါသည်။ ရပ်ရွာအဖွဲ့အစည်းများသည် တိုးပွားလာသောလည်ပတ်ရန်ပုံ ငွေနှင့်တခြားမရရှိသောလှူဒါန်းငွေများအား ရပ်ရွာလူထုဦးစားပေးလိုအပ်ချက်နှင့်နည်းလမ်းများဖြစ်သော လူမှုကာကွယ်စောင့် ရှောက်မှုနှင့် လူမှုဖူလုံရေးလုပ်ငန်းများတွင်အသုံးပြုလျှက်ရှိပါသည်။

| အစီအစဉ် | စီမံခန့်ခွဲမှု ရာခိုင်နှုန်း(%) | လုပ်ဆောင်ချက်များ | ပျမ်းမျှ အကျိုးအမြတ် တန်ဖိုး | တစ်ရွာလျှင် ပျမ်းမျှနှစ်စဉ် သုံးစွဲမှု | စုစုပေါင်းသုံးစွဲမှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|
| သက်ကြီးရွယ်အိုစောင့်ရှောက်မှု | 93% | ကျမ်းမာရေးအဟာရအတွက်ထောက်ပံ့မှု၊ စောင့်ရှောက်ပြုစုခြင်းအတွက် | 26,500 | 400,000 | 31% |
| အရေးပေါ်ကျမ်းမာရေးထောက်ပံ့ကြေး | 86% | အရေးပေါ်ကျမ်းမာရေး(သို့)ကိုယ်ဝန်ဆောင်ထောက်ပံ့ကြေး | 43,000 | 357,000 | 28% |
| နာရေးကူညီမှု | 86% | နာရေးကုန်ကျစရိတ်ထောက်ပံ့ကြေး | 67,500 | 295,000 | 23% |
| ပညာရေးကူညီမှု | 79% | ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအားထောက်ပံ့ခြင်း၊ ပညာသင်ဆုများပေးခြင်းကဲ့သို့သောဆင်းရဲနွမ်းပါးသည့်အိမ်ထောင်စုမှ ကလေးများ၏ ပညာရေး အတွက်ထောက်ပံ့ပေးခြင်း | 44,000 | 185,000 | 15% |
| တခြားအစီအစဉ်များ | 21% | လမ်းခင်းခြင်းနှင့်တခြားကူညီမှုများ | 39,00 | 33,000 | 3% |
| စုစုပေါင်း | | | | 1,170,000 | |

ချိုင့်လေ့လာသုံးသပ်ချက်အရ ရွာ ၁၄ ရွာတွင်ရှိသော ရပ်ရွာအဖွဲ့အစည်းများသည် အကျိုးခံစားခွင့်ရှိသူ ၇၀၀ ကျော်ကို ကျပ် ၁၆ သိန်း နှင့်အထက်ထောက်ပံ့ခဲ့ပြီး အဆိုပါထောက်ပံ့ကြေးအားလုံးမှာ လည်ပတ်လာသောငွေများဖြင့်ထောက်ပံ့ခဲ့ခြင်း ဖြစ်သည်ကိုအထင်အရှားတွေ့ရှိရပါသည်။



## ရက်တစ်ထောင်ထောက်ပံ့ကြေးပေးဝေခြင်း

ရပ်ရွာအဖွဲ့အစည်းကိုကောင်းစွာဖွဲ့စည်းပြီး ငွေကြေးစီမံခန့်ခွဲမှုနှင့်စည်းရုံးရေးစွမ်းရည် မြှင့်တင်နိုင်ကြောင်း အကောင်းဆုံး စွမ်းရည်ပြသနိုင်သည်နှင့်တစ်ပြိုင်နက် စီမံကိန်း၏တစ်စိတ်တစ်ပိုင်းဖြစ်သော ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးများအားငွေကြေးထောက်ပံ့ပေးခြင်း ရက်တစ်ထောင်အစီအစဉ်အားကိုင်တွယ်ရန် ရပ်ရွာအဖွဲ့အစည်းအား စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းစတင်ပါသည်။ ရပ်ရွာအဖွဲ့အစည်းများအား စွမ်းဆောင် ရည်တည်ဆောက်ပေးခြင်း အစီအစဉ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးကင်းစကလေးများအတွက် အဟာရဆိုင်ရာ သင်တန်းလည်းပါဝင်ပါသည်။ အဆိုပါ ကနဦးအသိပညာမွေးမြူပေးခြင်းဖြင့် လျှောက်လွှာစီစစ်သည့် လုပ်ငန်းစဉ်များ ဖြစ်သော ရပ်ရွာအဖွဲ့အစည်းများမှ အသေးစိတ်ညွှန်ကြားချက်များဖြင့် လျှောက်လွှာဖြန့်ဝေခြင်း၊ အကျိုးခံစားခွင့်ရှိ သူရွေးချယ်ခြင်း၊ လိုအပ်သောစာရွက်စာတမ်းများအားစီစစ်ခြင်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ကျမ်းမာရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန ၊ပြန်ကြားရေးနှင့်ပြည်ထဲရေးဝန်ကြီးဌာန စသော အစိုးရဌာများမှ အဓိကအဖွဲ့ ဝင်များအဖြစ်ပူပေါင်းပါဝင်ပြီး မီးမဖွားမီပြုစုစောင့်ရှောက်ခြင်း၊ မှတ်ပုံတင်ရရှိရန် ဆောင်ရွက်ပေးခြင်း နှင့်လုံခြုံရေးအတွက် စီစဉ်ပေးခြင်းကဲ့သို့သော လိုအပ်သော အစိုးရဝန်ဆောင်မှုများအား ကြီးကြပ်ရန် နှင့်ညှိနှိုင်းရေးစီစဉ်ထောက်ပံ့ရန် ကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းခဲ့သည်။

- ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကိုယ်ဝန်စတင်ရှိသည့်အချိန်မှ သုံးလပြည့်ပြီး မွေးဖွားမည့်ရက်အပါအဝင် သားဖွား ဆရာမ၏ လက်မှတ်ပါရှိသောထောက်အထားတင်ပြမှသာ အကျိုးခံစားခွင့်ရရှိမည့်ဖြစ်သည်။
- နှစ်နှစ်အောက်ကလေးများသာအကျိုးခံစားခွင့်ရရှိမည်ဖြစ်ပြီး ကလေး၏မိခင်ကိုယ်တိုင်သာ အကျိုးခံစားခွင့်အား တောင်းဆိုနိုင်သည်။
- တောင်းဆိုသူများသည်(မိခင်များ) ကျေးရွာအကြီးအကဲ၏လက်မှတ်ပါသောနေထိုင်ကြောင်းထောက်ခံစာ၊ သန်းခေါင် စာရင်းစသော ကျေးရွာ၌အမှန်တကယ်နေထိုင်သူဒေသခံဖြစ်ကြောင်းအထောက်အထားနှင့် မိမိ၏ မှတ်ပုံတင်အား တင်ပြရမည်ဖြစ်သည်။
- တောင်းဆိုသောလုပ်ငန်းစဉ်၏လိုအပ်ချက်များမှာ တောင်းဆိုသူများသည်(မိခင်၊မိခင်မဟုတ်သောအုပ်ထိန်းသူ) ဆေးရုံတက်နေရခြင်း (သို့)သေဆုံးသွားခြင်းကဲ့သို့သော ခိုင်လုံသောအခြေအနေမျိုးမှလွဲ၍ ထောက်ပံ့ကြေးအား ကိုယ်တိုင်ထုတ်ယူရမည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင်သာကင်းလွတ်ခွင့်ရရှိနိုင်မည်ဖြစ်သည်။






ရက်တစ်ထောင်အစီအစဉ်အား ဧပြီလ ၂၀၁၆မှစတင်ပြီးနောက် ယနေ့အချိန်အထိ ကျေးရွာ၁၄ရွာ တွင်ရှိသော အကျိုးခံစားခွင့်ရှိသူ ၄၈၄ဦးအားဖြန့်ဝေခဲ့သည်။ အကျိုးခံစားခွင့်ရရှိသူများထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး အကျိုးခံစားခွင့်ရရှိသူ ၁၆% ရှိပြီး နှစ်နှစ်အောက်ကလေး အကျိုးခံစားခွင့်ရရှိသူ ၈၄%ရှိပါသည်။ ကောက်ယူထားသော စာရင်းအရ ရွာတစ်ရွာလျှင် အိမ်ထောင်စု ၁၀၀ နှုန်းတွင် အကျိုးခံစားခွင့်ရရှိသူကိုယ်ဝန်ဆောင်အမျိုးသမီး ၆ယောက်နှင့် နှစ်နှစ်အောက် ကလေး ၂၉ယောက် ရှိပါသည်။စာရင်းဖော်ပြချက်အရ အကျိုးခံစားခွင့်ရရှိနိုင်သည့် အရည်အချင်းနှင့် မပြည့်မှီသူ ရွာတစ်ရွာလျှင် နှစ်ဦးခန့်ရှိပြီး ထိုအထဲမှ ၂၈% မှာ မှတ်ပုံတင်ကဒ်မရှိသူများဖြစ်ပြီး ၃၅%သည် ဒေသခံမဟုတ်သူများ ဖြစ်သည့်အပြင် သန်းခေါင်စာရင်းအထောက်အထားမတင်ပြနိုင်သူ ၃၅% ဖြစ်ကြပါသည်။ ကျေးရွာတစ်ရွာလျှင် ယာယီနေထိုင်သူများအား အမြင့်ဆုံးအရေအတွက်တစ်ခုအဖြစ် ဖယ်ထုတ်ထားပြီးဖြစ်သည်။ ထိုသူများသည် မိမိတို့၏ကလေးများအားစောင့်ရှောက်သူများဖြင့် ထားခဲ့ပြီးတခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသူများဖြစ်ပါသည်။ ခြုံငုံလေ့လာသုံးသပ်ချက်အရ အကျိုးခံစားခွင့်ရရှိရန်အရည်အချင်း မပြည့်မှီသူများထဲမှ တစ်ဝက်နီးပါးသည် မှတ်ပုံတင်ကဒ်လျှောက်ထားခြင်းသာမက တရားဝင်နေထိုင်ခွင့်ရရှိရန်လျှောက်ထားခြင်းမှလည်း အရည်အချင်းပြည့်မှီ အောင်မြင်နိုင်သည်။ လက်ရှိအချိန်တွင် ရပ်ရွာအဖွဲ့အစည်းများသည် အစောပိုင်းဖော်ပြထားခဲ့သည့် အတိုင်း ဝင်ငွေတိုးပွား အောင်ဆောင်ရွက်ပြီး အသုံးပြုခြင်းဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ချမှတ်ထားသောအစီအစဥ်များ ဖြစ်သော အချို့အကိစ္စရပ်များအား ဖြေရှင်းလျှက်ရှိပါသည်။

## ကျေးရွာ (၁၄) ရွာ မှ အချက်အလက်များကိုလေ့လာ၍အဓိကတွေ့ရှိရသောကောက်ချက်များ

၁။ အစာအဟာရပိုမိုမှန်ကန်စွာသုံးစွဲရန် ရွာသူရွာသားများအချင်းချင်းအားပေး တိုက်တွန်းပေးခဲ့သည့် အကြောင်း ကြောင့် ရက် (၁၀၀၀) စီမံကိန်း ထောင်ပံ့ကြေးကိုကျေးရွာလူမှုရေးအဖွဲ့အစည်းများအားဖြင့်ပေးဝေလျှင် ထောက်ပံ့ကြေး ရရှိခဲ့သော သူများအတွက်အကျိုးထိရောက်မှုထပ်မံခံစားရပါသည်။

၂။ အစာအဟာရဆိုင်ရာ အသိပညာပေးခြင်းသည် အရေးကြီးသည့်အစီအစဥ်ဖြစ်ပါသည်။ ထိုအသိပညာပေးခြင်း အားနည်းသောကျေးရွာများတွင် ပေးခဲ့သောထောက်ပံ့ကြေးနှင့်သက်ဆိုင်သော အကျိုးထိရောက်မှုသည် အသိပညာ ပေးခြင်း အားကောင်းသည့် ကျေးရွာလောက်မကောင်းပေ။

၃။ ကျေးရွာလူမှုရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ဦးတည်ပြီးဆောင်ရွက်ခဲ့သည့် အကြောင်း ကြောင့် ကျေးရွာစည်းရုံးမှုအခြေအနေကိုထိန်းသိမ်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် ထောက်ပံ့ကြေး ပေးခြင်းအစီအစဉ်များ ကိုအစပြုသည့်အခါတွင် ထောက်ပံ့ကြေးရရှိရေး နှင့်ပတ်သက်သော ကိစ္စသည် ကျေးရွာစည်းရုံးမှုအပေါ် သက်ရောက်မှု မရှိပေ။ စီမံကိန်းအစမှာ ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်သော ကိစ္စ ကိုဖော်ပြသည့်အခါ၌ အချို့သောနေရာတွင် စီမံကိန်းဝန်ထမ်းများက ပရိသတ်များထံမှ ကြမ်းတမ်းသည့် တုံ့ပြန်မှုခံစားခဲ့ရပါသည်။ သို့သော်လည်း စီမံကိန်းအစမှ စတင်ပြီး ကျေးရွာအဖွဲ့အစည်းများနှင့် ပူပေါင်းပြီး ဆောင်ရွက်ခဲ့သည့်အကြောင်းကြောင့် ကျေးရွာအဖွဲ့များသည် ၎င်းတို့ကိုယ်ပိုင်စီမံကိန်းကဲ့သို့ ဆောင်ရွက်ကာ ရသင့်ရထိုက်သောသူများရရှိနိုင်စေရန်ဆောင်ရွက်ပြီး ရပိုင်ခွင့်မရှိသော သူများကိုလည်း နားလည်အောင်ဖြေရှင်းပေးပါသည်။ မိမိကျေးရွာမှာနေထိုင်သောမိခင်နှင့်ကလေးများသည် အဟာရ ပြည့်ဝစွာရရှိနိုင်စေရန် ကျေးရွာအဖွဲ့အစည်းများသည် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ထိုကျေးရွာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးဆောင်ရွက်ခြင်းဖြင့် ကျေးရွာတွင်အားကောင်းလျက်ရှိသော လူမှုရေးဆိုင်ရာအရင်းအမြစ် (social capital) အားတည်ဆောက်ရန်ဖြစ်ပါသည်။ ထိုနည်းလမ်းဖြင့် လုပ်ဆောင်ပါက ပြည်သူလူထုအချင်းချင်း အကြားယုံကြည်မှု တည်ဆောက်လာနိုင်ပါသည်။

၄။ ကျေးရွာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးဆောင်ရွက်လျှင် ကျေးရွာတွင်ဖြစ်ပေါ်လာသောမကျေနပ်ချက်များ၊ တိုင်ကြားချက်များတို့ကို အနီးအနားတွင်ပင်ဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ကျေးရွာအဖွဲ့အစည်းအများစုသည် တိုင်ကြားချက်များကိုင်တွယ်ရန် ကော်မတီဖွဲ့စည်းထားပါသည်။ အချို့သောတိုင်ကြားချက်များကိုကျေးရွာ အဆင့်တွင် မဖြေရှင်းနိုင်သော်လည်း ကျေးရွာအဆင့်အဖွဲ့အစည်းများသည် မြို့နယ်အဆင့်ကော်မတီနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ပါက တိုင်ကြားချက်များဖြေရှင်းနိုင်ရန်ထိရောက်သောစနစ်ဖြစ်ပါသည်။ ထိုနောက် ကျေးရွာအဖွဲ့များသည် အကျိုးခံစားခွင့်ရသင့်ရထိုက်သော ၎င်းတို့၏ရွာသူရွာသားများအား ၎င်းတို့လိုအပ်သည့် စာရွက်စာတမ်းများကို ရရှိနိုင်ရန်ကူညီပေးလျှင်ပိုမိုထိရောက်ပါသည်။ ဥပမာ - အကျိုးခံစားခွင့်ရသင့်ရထိုက်သော သူတဦး နိုင်ငံမှတ်ပုံတင်ကဒ် မရှိလျှင် မြို့နယ်ရုံးသို့သွားပြီးလုပ်နိုင်စေရန် ကျေးရွာအဖွဲ့အစည်းမှ ၎င်းတို့လုပ်အား နှင့် အဖွဲ့အစည်း၏ရန်ပုံငွေဖြင့် ကူညီပေးခဲ့ပါသည်။

၅။ ရက် (၁၀၀၀) အစီအစဉ်၌ပါဝင်ခွင့်မရှိသော်လည်း(ဥပမာ -သက်ကြီးရွယ်အိုများ) လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်လိုအပ်သောသူများရွာတိုင်းမှာတွေ့ရှိရပါသည်။ ထိုလူတွေကို ကျေးရွာလူမှုရေး အဖွဲ့၏ရန်ပုံငွေဖြင့် ကူညီနိုင်ပါသည်။ ထိုကြောင့် ထိုကျေးရွာများတွင် လူမှုကာကွယ် စောင့်ရှောက်ရေး ကိုပြည့်ပြည့်စုံစုံမျှမျှတတ ဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင် ထိုကျေးရွာများတွင် သဟဇာတပိုမိုအားကောင်း လာ၍စည်းရုံးမှုအားကောင်းပါသည်။

၆။ ကိုယ်ဝန်ရှိသောအမျိုးသမီးများသည်ရက် (၁၀၀၀) အစီအစဉ်၌ပါဝင်ခွင့်ရရှိနိုင်ရန် ကိုယ်ဝန်ရှိ/မရှိဟူသည့် ထောက်ခံစာ သားဖွားဆရာမထံမှလိုအပ်ပါသည်။ မီးဖွားခြင်းဝန်ဆောင်မှုများနှင့်သက်ဆိုင်သော ကုန်ကျစရိတ်ရှိ သော်လည်း ရရှိသောထောက်ပံ့ကြေးဖြင့်ပေးနိုင်ပါသည်။ ထိုအပြင် မီးမဖွားမီစောင့်ရှောက်ရေးရရှိသော မိခင် များမွေးဖွားသော ကလေးများသည်ပိုမိုကျန်းမာသောကလေးများဖြစ်သည့်အကြောင်းကြောင့် ရက် (၁၀၀၀) စီမံကိန်းဖြင့် ကိုယ်ဝန်ဆောင် မိခင်များမီးမဖွားမီစောင့်ရှောက်ရေးရရှိရန် မက်လုံးတစ်ခုအနေနှင့်ဖြစ်မည်ဆိုလျှင် အကျိုးအမြတ် ရရှိပါသည်။

၇။ ရက် (၁၀၀၀) စီမံကိန်းအားဖြင့်ရရှိခဲ့သောအသိပညာ၊ အတတ်ပညာများသည် အခြားသောအခန်းကဏ္ဍ တွင်အသုံးချသည့်အခါတွင်လည်း ပိုမိုကျယ်ကျယ်ပြန့်ပြန့်အကျိုးသက်ရောက်မှုရှိပါသည်။ ဥပမာ - မိခင်နှင့် ကလေးများ အတွက် အစာအဟာရမှန်ကန်စွာသုံးစွဲရန်သင်တန်းကိုပို့ချပေးပြီး ထိုသင်တန်းမှရရှိခဲ့သော အခြေခံ အချက်များသည် သက်ကြီးရွယ်အိုများအတွက် အစားအဟာရမှန်ကန်စွာသုံးစွဲရန် စဉ်စားပြီးအသုံးချခဲ့ပါသည်။ ထို့ပြင်ကျေးရွာလူမှုရေး အဖွဲ့အစည်းရှိသည့် ကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးနှင့်ပတ်သက်သော အစည်းအဝေးများ မှာ အမျိုးသမီးများ၏ ပါဝင်ဆွေးနွေးခြင်းပိုမိုကောင်းလာသည်ကိုလည်းတွေ့ရှိခဲ့ပါသည်။

၈။ ရက် (၁၀၀၀) စီမံကိန်းဆိုင်ရာထောက်ပံ့ကြေးကိုကျေးရွာအဖွဲ့အစည်းများအားဖြင့်ဖြန့်ဝေလျှင် ကျေးရွာ အဖွဲ့ဝင်များ အချိန်များစွာပေးသည့်အကြောင်းကြောင့် အဖွဲ့ဝင်များအတွက်ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ပါသည်။ စီမံကိန်းအစပြုသည့် အချိန်တွင် ကျွမ်းကျင်မှုမရှိသေးသော်လည်း ဆောင်ရွက်ပြီး (၃) လ (သို့) (၄)လ နောက်ပိုင်းပိုမို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း စိုက်ပျိုးရေး ရာသီရောက်သောအချိန်တွင် မိမိစိုက်ပျိုးရေးကို ဦးစားပေးပြီးလုပ်ဆောင်ရသည့်အကြောင်းကြောင့် ထောက်ပံ့ကြေးဖြန့်ဝေခြင်းသည် ကြန့်ကြာမှုဖြစ်စေသော အကြောင်းတစ်ရပ် ဖြစ်နိုင်ပါသည်။ ထို့အပြင် အချို့သောကျေးရွာအဖွဲ့အစည်းများသည် စွမ်းဆောင်ရည်ပြည့်ဝစွာရှိ၍ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်သော်လည်း အချို့သော ကျေးရွာအဖွဲ့အစည်းများသည် စွမ်းဆောင်ရည်မှာ အားနည်းပါသည်။

၉။ ကိုယ်ဂန်ရှိသောအမျိုးသမီးများသည်ရက် (၁၀၀၀) အစီအစဉ်၌ပါဝင်ခွင့်ရရှိနိုင်ရန် သတ်မှတ်ထားသော စည်းကမ်းချက်ပါအချက်နှင့်ညီသည့် ကိုယ်ဂန်ဆောင်ဟုတ်မဟုတ်အားသိရှိရန် ထောက်ခံစာအား သားဖွားဆရာမထံမှ လိုအပ်ချက်ရှိသည့်အကြောင်းကြောင့် သားဖွားဆရာမများအတွက် အလုပ် ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ပါသည်။ ထောက်ခံစာ ရရှိခဲ့သော မိခင်များမှာ မီးဖွားခြင်းဆိုင်ရာဂန်ဆောင်မှုပေးလျှင် ဝင်ငွေရရှိရေးအခွင့်အလမ်းရှိသော်လည်း သားဖွားဆရာမများအတွက်မူ မဆောင်ရွက်နိုင်သည့် ဂန်ထုပ် ဂန်ပိုးဖြစ်စေခြင်းရှိမရှိကို လေ့လာသုံးသပ်ရန် လိုအပ်ပါသည်။

၁၀။စီမံကိန်း၏စည်းကမ်းအရ (ထောက်ပံ့ကြေးကိုမိခင်ကိုယ်တိုင်လာထုတ်ခြင်း၊ ကျေးရွာမှာအမြဲနေထိုင်သူများ သာ ရပိုင်ခွင့်ရှိခြင်း၊ မှတ်ပုံတင်ကဒ်ရှိသူများသာရပိုင်ခွင့်ရှိခြင်း) အချို့သောသူများ လူမှုစီပွါးရေးအခြေအနေအရ (ဉပမာ - ရာသီအလိုက်အလုပ်သမားများ) ပေးသင့်ပေးထိုက်သော်လည်း ရရှိရန်မရှိခဲ့ပေ။ အချို့သောသူများ သည် အကျိုးခံစားခွင့်ရထိုက်သော်လည်း စည်းကမ်းအရ ကျေးရွာစာရင်းများတွင် အမှားတွေ့ရှိသေးသည့် အကြောင်းကြောင့် အကျိုးခံစားခွင့်မရရှိပေ။ ဉပမာ - အချို့သောအိမ်ထောင်ကွဲသောအိမ်ထောင်စုများတွင် ကလေးတစ်ဦးမှာ အဖေနှင့်နေပြီး နောက်တစ်ဦးမှာ အမေနှင့်နေသည်။ နေထိုင်သောရွာလည်းမတူပေ။ ထိုမိခင်မှာလက်ရှိ နေထိုင်သော ကျေးရွာတွင်အိမ်ထောင်စုစာရင်း မသွင်းရသေးသောအကြောင်းကြောင့် ကျေးရွာစာရင်းတွင်လဲ ထည့်သွင်း ထားရသေးခြင်းမရှိပေ။ ထိုသို့သောအခြေအနေတွင် အိမ်ထောင်စုစာရင်း သွင်းပြီး လိုအပ်သော စာရွက်အပြည့်အစုံဖြင့် လျှောက်ထားပါက အကျိုးခံစားခွင့်ရပိုင်ခွင့်ရှိသည်။ ထို့ပြင် မိခင်နှင့်ကလေးမှာ အမျိုးသားနှင့်အတူနေထိုင်သော်လည်း အိမ်ထောင်စုစာရင်း တွင်ထည့်သွင်းထား ခြင်းမရှိသေးသောအကြောင်းကြောင့် လက်ရှိနေသည့်ကျေးရွာတွင် စာရင်းမသွင်းရသေးပေ။ ထိုအခြေအနေတွင် အိမ်ထောင်စုစာရင်း ပြင်ပေးပြီး အကျိုးခံစားခွင့်ရရှိရန်လိုအပ်သည့် စာရွက်စာတမ်းများ အပြည့်အစုံဖြင့် ရပိုင်ခွင့်ရှိပါသည်။ ရာသီအလိုက်အလုပ်သမားများသည် တစ်နိုင်ငံလုံးအတိုင်းအတာ စီမံကိန်းရှိမည်ဆိုပါက မည်သည့်အကျိုးခံစားခွင့်ရထိုက်သူမဆိုမိမိဇာတိနေရာအရ လျှောက်ထားခွင့်ပေးလျှင် ထိုအခက်အခဲရှိမည် မဟုတ်ပေ။ သို့သော်လက်ရှိအခြေအနေအရ စီမံကိန်းရှိသည့်နေရာနှင့်မရှိသည့်နေရာတို့ဖြစ်သည့် အကြောင်း ကြောင့် အခက်အခဲတွေ့ရှိသေးပါသည်။



Livelihoods and Food Security Trust Fund

LIFT

UKaid from the British people | European Union | Australian Aid | Swiss Agency for Development and Cooperation SDC | DANIDA | USAID FROM THE AMERICAN PEOPLE

Government of the Netherlands | SWEDEN | afd AGENCE FRANCAISE DE DEVELOPPEMENT | GRAND DUCHY OF LUXEMBOURG | DEVELOPMENT COOPERATION | NEW ZEALAND Aid Programme | Irish Aid Rialtas na hÉireann Government of Ireland